Catholic Religious Conference of Myanmar (CRCM)
112/A, Bogyoke Street, Latha Township, Yangon, Myanmar.
Email Address: kyesemyanmar@gmail.com,
Ph: 09 761293881/

Happy New year to you all..

May the New Year bring you happiness, peace, and prosperity. Wishing you a joyous 2022!

ကြေးစည် ပရိတ်သတ်များအားလုံးကို မင်္ဂလာရှိသော နေ့ရက်ကလေးတွေ ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ကူးပြောင်းလာခဲ့ပါပြီ။ အားလုံးကိုယ်စီရဲ့ ဆန္ဒ၊ တောင်းဆုတွေ၊ မျှော်လင့်ချက်ပန်းတိုင်များတွေ ဆွတ်ခူးပိုင်ဆိုင်နိုင်ကြပါစေလို့ ထပ်မံဆုတောင်းလိုက်ပါတယ်။

နှစ်ဟောင်းကုန်လို့ နှစ်သစ်လည်းရောက်လာခဲ့ပြီမို့ လူမှုကွန်ယက် ကြေးစည်ဖေ့ဘွခ်စာမျက်နှာနဲ့ ကက်သလစ်သူတော်စဉ်များရဲ့ ဝက်ဘ်ဆိုဒ်စာမျက်နှာကို ဆက်လက်တာဝန်ယူသွားမဲ့ စစ္စတာရ်များလည်း စတင် တာဝန်ထမ်းဆောင်နေပြီ ဖြစ်ပါတယ်။

၂၀၁၉ မှ ၂၀၂၁ အတွင်း၊ သုံးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ္စတာရ်များကတော့ စိန့်ဖရန်စစ် ဖေးဗီးယားသီလရှင် အသင်းဂိုဏ်းမှ စစ္စတာရ်ယူဂျေနီ ပက်ထရိုနီးလာနဲ့ စစ္စတာရ် မေရီအန်း စုလတ်ထွေးတို့ဖြစ်ပါတယ်။

ယခုနှစ် ၂၀၂၂ မှ ၂၀၂၄ အထိ တာဝန်ထမ်းဆောင်မဲ့ စစ္စတာရ်များကတော့ ဆပ်ဖြေခြင်းသီလရှင်အသင်းဂိုဏ်းမှ စစ္စတာရ် ဘက်နက်ဒက်တာ၊ မြတ်နှင်းနွယ်နှင့် စစ္စတာရ်ထေရဇား၊မြင့်မြင့်နိုင်(မုဏ်း) တို့ဖြစ်ပါတယ်။

နှစ်ဟောင်းမှာ ဘုရားသခင် သွန်းလောင်းပေးခဲ့တဲ့ ကျေးဇူးတော်များအတွက် ဘုရားသခင်အား အထူးကျေးဇူးတင် ချီးမွမ်းပါတယ်။ ဆက်လက်ပြီးဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ အစစအရာရာ ဆက်လက်လုပ်ဆောင်နိုင်ဖို့ ဘုရားသခင်ထံ ဆုတောင်းပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကြေးစည်စာစောင်ကိုသုံးလ တစ်ကြိမ်နှင့် စာအုပ် (၄) အုပ်၊ ထုတ်ဝေဖြန့်ချိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်မှာ ကြေးစည်စာစောင်ကို နှစ်တဝက်စာ နှစ်ကြိမ်သာ ထုတ်ဝေကာ ရပ်နားထားခဲ့တာကြောင့် (၂၀၁၉ မှ ၂၀၂၁ ထိ) ကြေးစည်စာစောင် (၆)

စောင်အထိသာ ထုတ်ဝေခဲ့ပြီး၊ စာအုပ်ထုတ်ဝေခြင်းမှရပ်နားပြီး အွန်လိုင်းမီဒီယာအဖြစ်သို့ပြောင်းလဲ လုပ်ဆောင်လာခဲ့ပါတယ်။

အထူးသဖြင့် မြန်မာပြည်မှာ အမှုတော်ထမ်းဆောင်ကြတဲ့ ကက်သလစ်သူတော်စင်များ အသင်းဂိုဏ်း အသီးသီးရဲ့ အကြောင်းအရာ၊ လုပ်ဆောင်ချက်တွေ၊ ဆက်ကပ်ပူဇော်ခြင်းအသက်တာနဲ့ လိုက်လျှောက်ရ တဲ့လမ်းစဥ်တွေ၊ စတဲ့ခေါ်တော်မူခြင်း သတင်းအချက်အလက်တွေကို ဝေမျှလုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံကက်သလစ် သူတော်စင်များအဖွဲ့(Catholic Religious Conference of Myanmar) မှ ၂၀၁၉ ခုနှစ်၊ (၇၉) ကြိမ်မြောက် အထွေထွေညီလာခံတွင် ဆုံးဖြတ်အတည်ပြုခဲ့ကြတဲ့ အ တိုင်း၊ www.crcm-myanmar.com ဆိုတဲ့ website ကို စတင်လုပ်ဆောင်ခဲ့ပါတယ်။

YouTube နဲ့ Facebook များမှလည်း ဝေမျှလုပ်ဆောင်ခဲ့ပါတယ်။ နည်းပညာအခက်အခဲများ၊ လူမှု ကွန်ယက် အားနည်းချက်အခက်အခဲများနဲ့ ရောဂါဝေဒနာတွေကြား တိတ်ဆိတ်စွာရုန်းကန် ခဲ့ကြရတာ ကြောင့် အားနည်းချက်များစွာရှိခဲ့တာကိုလည်း ဝန်ခံတောင်းပန်လိုပါတယ်။

Website မှာ သူတော်စင် အသင်းဂိုဏ်းအသီးသီးရဲ့ စာမျက်နှာများ၊ သတင်းဆောင်းပါးများ၊ ကဗျာ၊ ဝတ္ထုများ၊ ယခင်ကြေးစည်စာစောင်မှ ထုတ်ဝေထားခဲ့သော ကြေးစည်ကလောင်ရှင်များရဲ့ စာပေများကို အလျှင်းသင့်သလို ပြန်လည်စုစည်းထည့်သွင်းထားတာကြောင့် ဝင်ရောက်ရှာဖွေဖတ်ရှုနိုင်သလို အကြံပြု ချက်များကိုလည်း ဝေမျှပေးစေလိုပါတယ်။ You Tube မှာတော့ သမ္မာကျမ်းစာ ထောက်ရှုချက်များ၊ ဩဝါဒများကို ရှာဖွေနားဆင်နိုင်ပါတယ်။

(မှတ်ချက်။ သမ္မာကျမ်းစာ ဝေမျှထောက်ရှုချက်များကို ပုသိမ်ဂိုဏ်းအုပ်သာသနာ အဖဆရာတော် ဂျွန်မန်းဆိုန်းဟှိုရဲ့ တရားတော်များကို တောင်းခံပြီး You Tube မှာစတင်ခဲ့ပါတယ်။ ဆရာတော်ပျံလွန်ပြီး ထိုအစီအစဥ်ကို အစားထိုးတာဝန်ယူရသော ဖာသာရ်ဂျွန်ဘောစကို စောလားထူးကိုလည်း ဆက်လက် တောင်းခံပြီး ဩဝါဒများကိုထည့်သွင်းဝေမျှထားပါတယ်။ ရန်ကုန်၊ စိန့်မေရီကက်သီဒရယ်မှဆရာတော် များ၊ ရဟန်းတော်များရဲ့ နေ့စဥ်ဩဝါဒများကိုလည်း ထည့်သွင်းထားပါတယ်။ ရက်ရောစွာ အခွင့်ပေးတဲ့ အဖဆရာတော် ဂျွန်မန်းဆိုန်းဟှိုနဲ့ နေ့စဥ် ဩဝါဒများမြွက်ကြားပေးကြတဲ့ ရဟန်းတော်များအားလုံးကို အထူးကျေးဇူးတင်အပ်ပါတယ်။) ရှေ့လာမယ့် အစီအစဥ်များမှာ သူတော်စင် အသင်းဂိုဏ်း အသီးသီးမှ ပါဝင်အင်အား ဖြည့်ဆည်း လုပ်ဆောင်ကြဖို့ ရှိပါလိမ့်မယ်။

၂၀၁၉ မှ ၂၀၂၁ ထိ ဆောင်ရွက်ခဲ့ကြတဲ့ တာဝန်ခံစစ္စတာရ်များကို အဖက်ဖက်ကနေ ဝိုင်းဝန်းကူညီပေးကြတဲ့ (Kyese Admin Groyp) ကြေးစည်အဖွဲ့ သားများအားလုံး၊ သမ္မာကျမ်းစာ ထောက်ရှုချက်များကို ရေးသားပေးပို့ကြတဲ့ အသင်းဂိုဏ်းအသီးသီးမှ ရဟန်းတော်များ၊ ဘရာသာရ်များ၊ စစ္စတာရ်များ အားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုလိုပါတယ်။ အသင်းဂိုဏ်းအသီးသီးရဲ့ အကြောင်းအရာများကို ပေးပို့ကြတဲ့ အသင်းဂိုဏ်းအကြီးအကဲများနဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကိုအထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ လုပ်ဆောင်ခဲ့သမျှ အားနည်းချက်များ အားလုံးကို နားလည်ပေးကြ ပါလို့လည်း တောင်းပန်လိုပါတယ်။ ယခုလက်ရှိ လုပ်ဆောင်ကြမဲ့ စစ္စတာရ်များကို လက်တွဲကူညီပေးကြပါလို့လည်း တောင်းဆိုချင်ပါတယ်။

Website Design ကို လိုချင်သလို အချိန်မရွေးပြုပြင် ဖန်တီးပေးတဲ့ Web Developer group ကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ CRCM Website ဖြစ်လာဖို့ရန်အတွက် အစပြုအကောင် အထည်ဖော်ပေးကြသော အသင်းဂိုဏ်းအကြီးအကဲများအားလုံး၊ ကက်သလစ်သူတော်စင်များအဖွဲ့ချုပ်၏ နာယက ဆရာတော်ကြီး ဂျက်စတင်းစောမင်းသိုက်၊ အဖက်ဖက်မှ ကူညီအားဖြည့်ပေးသော Sr. Assumpta Shwe (RGS) (ထိုအချိန်က Executive Secretary of CRCM) နှင့် (2019-2020, E.C အဖွဲ့ဝင်များ) အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်၊ ကျေးဇူးတင်အပ်ပါတယ်။

၂၀၂၁ နှစ်ကုန်ပိုင်းအထိ လုပ်ဆောင်ခဲ့သော CRCM Website, You Tube နှင့် Facebook page တို့မှ အားနည်းချက်များ မပြည့်စုံမှုများကို သုံးသပ်အကြံပြုပြီး ပိုမိုကောင်းမွန်စွာ ရပ်တည်နိုင်ရန် အသင်းဂိုဏ်းအသီးသီးမှ ပါဝင်ကူညီပေးကြပါရန်ကိုလည်း တောင်းဆိုချင်ပါတယ်။

အောက်ပါ အကြောင်းအရာတစ်ချို့ကိုလည်း ကြည့်ရှု ဝေဖန်ပေးနိုင်ကြဖို့ ဖော်ပြပေးလိုက်ပါတယ်။


ဝင်ရောက်ကြည့်ရှုရန် link များ...

| | | | |
|---|---|---|---|
| CRCM | ☞ | ဝက်ဘ်ဆိုက် | www.crcm-myanmar.com |
| Youtube | ☞ | ယူကျူ့ဒ် | shorturl.at/xDKNZ |
| KYESE | ☞ | ကြေးစည် | shorturl.at/qABJK |

အသင်းဂိုဏ်းများအကြောင်းကို တစ်စုတစ်စည်းတည်း ဖတ်ရှုလိုပါက အောက်ပါလင့်များမှ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

www.crcm-myanmar.com



**RGS Sisters**
Our Lady of Charity of Good Shepherd RGS

**RNDM Sisters**
Sisters of Our Lady of Missions RNDM

**SCCG Sisters**
Sisters of Charity of Sts. Bartolomea Capitanio and Vincenza Gerosa SCCG

**SCV Sisters**
Sisters of Charity of St. Vincnet de Paul of Suwon (SCV)

**SDB Fathers**
Salesians of Don Bosco SDB

**FMA Sisters**
Institute of the Daughters of Mary Help of Christian (FMA)

**SdP Sisters**
Sisters of Providence SdP

**SFX Brothers**
Little Brothers of St. Francis Xavier SFX

**SFX Sisters**
Sisters of St. Francis Xavier SFX

**SJ Fathers**
Society of Jesus (Jesuits) SJ

**SJA Sisters**
Sisters of St. Joseph of the Apparition (SJA)

**SPS Sisters**
Sisters of Most Precious Blood SPS

Catholic Religious Conference M
crcm-myanmar.com/religious.php
Home | History | News | Daily Reflection | Religious | ကြေးစည် | Dioceses | Media | Contact

**SSC Fathers**
Missionary of Society of St. Columban (SSC)

**MSSC Sisters**
Missionaries Sisters of St. Columban MSSC

**SV Sisters**
Sisters of Charity of St. Vincent de Paul of Palermo (SV)

**ZSLF Sisters**
Zetaman Sisters of the Little Flower ZSLF

**CMF**
Claretian Missionaries Father CMF

**SPC Sisters**
Sisters of St. Paul De Chartres SPC

**SBKM Sisters**
Sisters of The Blessed Korean Martyrs (SBKM)


**MSJP II**
Missionary Sisters of St. John Paul II (MSJP II)

**SVD**
The Society of the Divine Word SVD

**MM SISTERS**
Maryknoll Missionaries MM


**OAD**
Order of the Discalced Augustians OAD


**FSG**
Brothers of St. Gabriel GSG



Catholic Religious Conference M
crcm-myanmar.com/religious.php
Home
History
News
Daily Reflection
Religious
ကြေးစည်
Dioceses
Media
Contact
MM SISTERS
Maryknoll Missionaries MM
OAD
Order of the Discalced Augustians OAD
FSG
Brothers of St. Gabriel GSG
ODC
Order of Discalced Carmelities ODC
HSHJ
Handmaids of the Sacred Heart of Jesus (HSHJ)
MSBS
Missionary Servants of the Blessed Sacrament (MSBS)
IKSJ
Institute of Kkottongnae Sisters of Jesus (IKSJ)
CJ
Congregation of Jesus (CJ)
SCM
Sisters of the Sacred Heart of Mary of Mirinae (SCM)
copyright © Catholic Religious Conference of Myanmar, All rights reserved.


Catholic Religious Conference M
crcm-myanmar.com/index.php
(2020)
ကြေးစည်


Catholic Religious Conference M
crcm-myanmar.com/index.php
81 General Convention
(2021)
You Tube
Home
History
News
Daily Reflection
Religious
ကြေးစည်
Dioceses
Media
Contact
(3.1.2022) လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာအဖြစ် ငါပေးမည်။ (ဆာလံ ၂း ၈) I will give you all the nations for an inheritance.(Ps 2: 8) (3.1.2
Home
History
News
Daily Reflection
All Religious
Sermon Videos
Other Videos
Daily Reflections
News
Religious
https://www.crcm-myanmar.com/newview.php?id=118


CRCM
Catholic Religious Conference of Myanmar
CATHOLIC RELIGIOUS CONFERENCE OF MYANMAR
CRCM
KS
KS (CATHOLIC RELIGIOUS CONFERENCE OF MYANMAR)
57 subscribers
SUBSCRIBED
HOME
VIDEOS
PLAYLISTS
CHANNELS
ABOUT
Uploads
SORT BY
12:41
27 Bp John Reflection
3 views • 1 year ago
4:37
26 Bp.John Reflection
No views • 1 year ago
10:49
28 Bp.John Reflection
5 views • 1 year ago
Sr. Rosa U Di Seng Yi (ISR) (2019-20122)
6:12
MIRS မှာ ပညာသင်ယူနေသော ကျောင်းသူ Sr. Amarita Khain...
6 views • 1 year ago
8:33
COVID-19 အတွက် မြန်မာနိုင်ငံ လုံးဆိုင်ရာ ကက်သလစ်...
1 view • 1 year ago
4:52
Covid-19 ကပ်ရောဂါအတွင်း ကောင်းသောသိုးထိန်း သီလရှင်...
10:47
30 Bp John Reflection
6 views • 1 year ago
10:52
1,July Bp John Reflection
1 view • 1 year ago
5:47
1 7 2020 Fr William Soe Min Thu Reflection
11:24
2,7,2020 Bp.John Reflection
6 views • 1 year ago


KS (CATHOLIC RELIGIOUS CONF
nel/UC7IoeTEPqvzMcP5PNG7QZUw/videos?view=0&sort=p&flow=grid
Search
HOME
VIDEOS
PLAYLISTS
CHANNELS
ABOUT
Sisters of St Francis Xavier Congregation
29 views • 1 month ago
Silence Night, Little Way Sisters
30 views • 1 month ago
November 22, 2021,
30 views • 1 month ago
Sisters of Our Lady of Good Shepherd
29 views • 1 month ago
28 views • 1 month ago
22 views • 10 days ago
21,10,2021 Fr William Soe Min Thu Reflection
21 views • 2 months ago
16,9,2020 Fr William Soe Min Thu Reflection
21 views • 1 year ago
30,9,2021 Fr William Soe Min Thu Reflection
20 views • 3 months ago
17,11,2021 Fr Bosco Saw Lar Htoo Reflection
20 views • 1 month ago
11,12,2020 Fr William Soe Min Thu Reflection
St John Bosco Part I,
SPC Sister in MYANMAR 2019,
31,7,2020 Fr William Soe Min Thu Reflection
November 22, 2021, (Joy To World)/ Sisters of Charity...


PLAY ALL
27 Bp John Reflection
3 views • 1 year ago
9 7 2020 Bp John Reflection
9 7 2020 Fr Leo Kyaw Win Reflection
1 view • 1 year ago
FMM Sister
6 views • 1 year ago
11,7,2020 Bp John Yaw Han Reflection
2 views • 1 year ago
Covid-19
30,9,2021
4,10,2021
COVID-19


CATHOLIC RELIGIOUS CONFERENCE OF MYANMAR
CRCM
Home
History
Poem
Article
Translation
General Knowledge
Novels
Saints
PDF
CRCM
ST. JOHN OF THE CROSS


crcm-myanmar.com/kyaesi/index.php?pg=novel
Home
History
Poem
Article
Translation
General Knowledge
Novels
Saints
PDF
CRCM
NEXT

ကြေးစည်စာစောင်စတင်ခဲ့သည့် ၁၉၉၈ ခုနှစ်မှ
၂၀၂၀ ခုနှစ်အထိ၊ (၂၂ နှစ်အတွင်း) စာစောင်အဖြစ်ထုတ်လုပ်ခြင်းကို
တာဝန်ယူထမ်းဆောင်ခဲ့ကြသူများ။



*(1) Br. Lucas Kyin Thein (FSC)*
*Sr. Norine (RNDM)*
*(1998 -1999)*


*(2) Sr. Clare (FMM)*
*Sr. Pauline (OSM)*
*Bro. Denis (SFX)*
*(2000 -2001)*



*(3) Sr. Clare (FMM)*
*Sr. Suzette (OSM)*
*(2002)*



*(4) Sr. Jane (FSAG)*
*Bro. Christopher (SFX)*
*Bro. Bonaventure (SFX)*
*(2003 -2004)*



*(5) Bro. Lucas Kyi Thein*
*Bro. Bonaventure Aye Win (SFX)*
*(2005 -2007)*



*(6) Sr. Lucy Win (SCCG)*
*Bro. Bonaventure (SFX)*
*(2008 -2010)*



*(7) Sr. Rose Yee Yee Htun(RNDM)*
*(2011 -2012)*



*(8) Sr. Agnes Paitu (RGS)*
*(2013 -2015)*



*(9) Sr. Denis Jatawng (SJA)*
*(2016 -2018)*



*(10) Sr. Eugenie Petronilla (SFX)*
*(2019- 2021)*



*(10) Sr. Mary Ann Su Latt Htwe (SFX)*
*(2019- 2021)*

*( Website Startup 6th March, 2020,*
*Facebook Page Startup 15th November, 2019)*

# ၂၀၂၂ မှ ၂၀၂၄ ခုနှစ် အထိ ကြေးစည်နှင့် CRCM Website အတွက် တာဝန်ယူထမ်းဆောင်ရမည့် တာဝန်ခံ စစ္စတာရ်များ





*Sr. Benedetta Myat Hnin New (ISR)*
*(2022 – 2024)*

*Sr. Theresa Myint Myint Naing (ISR)*
*(2022 – 2024)*

အားလုံးကို ကျေးဇူးတင်ပါတယ်။
ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ရေတွက်ရင်းခရီးဆက်ကြပါစို့။
ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ဆက်လက်ပြီး အဆပေါင်းများစွာ တိုးတက်အောင်မြင်နိုင်ပါစေ။

စစ္စတာရ် ယူဂျေနီ ပက်ထရိုနီးလာ၊
စစ္စတာရ် မေရီအန်း စုလတ်ထွေး။
03.01.2022